ဂျို့ကုန်းစုကျေးရွာ

ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

# (၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဂျို့ကုန်းစုကျေးရွာ၊ပန်းတနော်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊စက်တင်ဘာလ

မာတိကာ

**စဉ်** **အကြောင်းအရာ**

စကားချီး ၃
ဂျို့ကုန်းစုကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ရာသီခွန်ပြပုံ၊အဖွဲ့အစည်းပြပုံ၊ပန်းတနော်မြို့ ၃
၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား ၆
၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆
၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇
၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇
(က) သီးနှံစိုက်ပျိုးရေး
(ခ) မွေးမြူရေးလုပ်ငန်း
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ
(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု
၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ ၉
(က) ကျေးလက်သယ်ယူပို့ဆောင်ရေး
(ခ) ကျေးရွာမီးလင်းရေး
(ဂ) သတင်းနှင့်ဆက်သွယ်ရေး
၆။ ပညာရေး ၁၀
၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၁
၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁
၉။ ကျား- မရေးရာကိစ္စရပ်ဆိုင်ရာ ၁၂
၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ ၁၈
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား
နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း
နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ ဂျို့ကုန်းစုကျေးရွာ၏ကျေးရွာသူ/ကျေးရွာသားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံး သောကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။

ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက် ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေး လုပ်ငန်းများကိုယခင် ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေး နွေးညှိနှိုင်း အဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အတွက်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာအားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်း တွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်း တိုးတက်ပြီးစီးမှု၊ ပေါ်ပေါက် လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေ ကာလအပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ် နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ်ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည် ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုး ရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

စက်တင်ဘာလ၊၂၀၂၁ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဂျို့ကုန်းစုကျေးရွာ
ပန်းတနော်မြို့နယ်

ဂျို့ကုန်းစုကျေးရွာသယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်



## ဂျို့ကုန်းစုကျေးရွာ၊လူမှုရေးအရင်းအမြစ်ပြဇယား

- ဂျို့ကုန်းစုကျေးရွာတွင် အိမ်ထောင်စုအားဖြင့်(၉၇) အိမ်ရှိပြီးကရင်လူမျိုးများနေထိုင်ကြပါသည်။ ဗုဒ္ဓ ဘာသာနှင့် ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြပါသည်။
- အဓိက အသက်မွေးဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပါသည်။
- ကွန်ကရစ်လမ်းမခင်းမှီ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး နှင့်စီးပွားရေး အခက်အခဲများ များစွာရှိပါသည်။
- ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ နည်းပါးပါသည်။
- ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သောလုပ်ငန်းမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် တစ်နိုင်တစ်ပိုင် ဝင်ငွေရလုပ်ငန်းများရရှိစေရန် လိုအပ်ပါသည်။

# ဂျို့ကုန်းစုကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်



## ရာသီခွင်ပြက္ခဒိန်

ဂျို့ကုန်းစုကျေးရွာတွင်အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့်လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသည်။

- ❖ ရာသီဥတုအနေဖြင့် နတ်တော်လမှ တန်ခူးလအထိနွေရာသီဖြစ်ပြီး ကဆုန်လမှတန်ဆောင်မုန်းလတွင် မိုးရွာသွန်းပါသည်။
- ❖ လမ်းပန်းဆက်သွယ်ရေးအနေနှင့် နယုန်လမှတော်သတင်းလအထိ လမ်းမကောင်း၍ သွားလာရခက်ခဲကာ ကျန်လများတွင်သွားလာရလွယ်ကူပါသည်။ တန်ဆောင်မုန်းလမှ တပေါင်းလ အထိ ဝင်ငွေများပြီး ကျန်လများတွင် ဝင်ငွေနည်း၍ထွက်ငွေများပါသည်။
- ❖ ကျန်းမာရေးအခြေအနေအရ နယုန်လနှင့် ဝါဆိုလများတွင် သွေးလွန်တုတ်ကွေးနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်တတ်သည်။
- ❖ သဘာဝဘေးအနေဖြင့် တပို့တွဲလမှကဆုန်လအထိသောက်ရေသုံးရေများ အခက်အခဲရှိပါ သည်။
- ❖ ပွဲတော်များအနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲတော်သော်လည်းကောင်း၊နတ်တော်လတွင် ခရစ္စမတ်ပွဲတော်သော်လည်းကောင်း၊ ပြာသိုလတွင်ကရင်နှစ်သစ်ကူးပွဲတော်သော်လည်းကောင်း ကျင်းပလေ့ရှိသည်။

## ရုံးတောကျေးရွာအုပ်စု၊ဂျို့ကုန်းစုကျေးရွာ၏
## ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတည်ရှိမှုပုံစံပြ(Venn Diagram)



## <u>အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း</u>

ကျေးရွာအုပ်စု-သရက်ငူကျေးရွာအုပ်စု ကျေးရွာ-ဂျို့ကုန်းစုကျေးရွာ

- ကျွန်ုပ်တို့ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးမှူး၊ ပရဟိတအဖွဲ့အစည်း၊ လူထုကျမ်းမာရေး ရန်ပုံငွေအဖွဲ့အစည်းများ ဖွဲ့စည်းထားပါသည်။
- ယခုနှစ်တွင်ကျေးရွာဖွံ့ဖြိုးတိုးတတ်ရေး အဖွဲ့တစ်ဖွဲ့အား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဖွဲ့စည်းခဲ့ပါသည်။ကျေးရွာတိုးတတ်ရေးလုပ်ငန်းများအား ထိုအဖွဲ့မှဦးဆောင်ကာလုပ်ကိုင်လျက်ရှိပါသည်။
- အုပ်ချုပ်ရေးအဖွဲ့သည် ကျေးလက်မီးလင်းရေး၊ ရေပေးဝေရေးလုပ်ငန်းများရှိလာပါက ကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအဖွဲ့ နှင့်ပူးပေါင်းကာကျေးလက်ဦးစီးဌာနသို့ဆက်သွယ် ဆောင်ရွက်ပေးပါသည်။

## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင်တည်ရှိ၍ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်တွင်တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ဒီဂရီ၅၈မိနစ်နှင့် ၁၇ဒီဂရီ၂၃မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၂၈မိနစ်နှင့် ၉၅ဒီဂရီ၅၃မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့ (၁၇)မိုင် ရှိပြီး တောင်မှမြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့်မအူပင်မြို့နယ်၊ အနောက်ဘက်တွင်အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မမြို့နယ်၊ မြောက်ဘက်တွင်ဓနုဖြူမြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဂျို့ကုန်းစုကျေးရွာသည် ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ သရက်ငူကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့် (၂၆) မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ဥတိုကျေးရွာ၊ ကင်းဝကြီးကျေးရွာ၊ ကျုံကျန်ကျေးရွာတို့ဖြစ်ပါသည်။ ဂျို့ကုန်းစုကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်း အဓိက လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်သည်။အခြားလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာဇန်နဝါရီလတွင်၂၃.၉၇°C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာရက် (၁၀၈) ရက်ရှိပြီးပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

ဂျို့ကုန်းစုကျေးရွာတွင် ကျောက်၊ သဲစသည့် တို့ **အနည်းငယ်ထွက်ရှိပါသည်။** ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့်ကုလားပင်စိမ်း စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက်အရေးပါသော ဆေးဖက်ဝင်အပင်များပေါက်ရောက် သည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။ လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူအားလုံးမှာ အဝီစိတွင်းရေဖြင့်မြေကေ (၂၀၄ ကေ) ခန့် ကိုသာရေသွင်းစိုက်ပျိုးနိုင်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ကေ (၁၇၀)ကေ ရှိပြီး စပါးနှင့် ပဲများကို အဓိက စိုက်ပျိုးကြသည်။

**၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား-၇ဦး) ပရဟိတအဖွဲ့(ကျား-၁၀၊ မ-၁၅)ဦး၊ လူထုကျန်းမာရေးရန်ပုံငွေအဖွဲ့ (ကျား-၂၊ မ-၃)ဦး တို့က ကျေးရွာ၏ သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရောစုပေါင်း လုပ်ဆောင် နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကိုကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်း ခဲ့ကြပါသည်။ ဤကော်မတီသည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် တွင်ပါဝင်သော ဦးစားပေးလုပ်ငန်း များအား သက်ဆိုင်ရာဦးစီးဌာနများ ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**၄။စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ဂျို့ကုန်းစုကျေးရွာတွင် ၂.၅ဧကအောက်တောင်သူ(၂၁)အိမ်ထောင်စု၊၂.၅ ဧကမှ၅ ဧက ကြားရှိ တောင်သူငယ် (၁၄) အိမ်ထောင်စု ၊ ၅ ဧက နှင့် ၇.၅ ဧက ကြားတောင်သူလတ် (၄) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၂၆)အိမ်ထောင်စု စသည်တို့ရှိကြပါသည်။ အဓိကအားဖြင့် စပါးနှင့်ပဲများ စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် (၃၂) အိမ်ထောင်စုခန့်ရှိပြီး အများစုသည် နေ့စား / ကျပန်းအဖြစ် လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေနှင့် အဝီစိတွင်းရေကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ အဝီစိတွင်းမရှိသောတောင်သူငယ်များမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးကြရသဖြင့် သီးနှံအထွက်နှုန်းမှာ ၅၀% ခန့်သာထွက်ရှိကြပါသည်။ ကျေးရွာရှိစိုက်ပျိုးတောင်သူများတွင်တစ်ဦးချင်းပိုင် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက် (၁၀)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၄)စီး၊ ခြွေလှေ့စက် (၃)စီး ၊ ရေစုပ်စက်(၂၂)လုံး ၊ ခြေနင်းရေတင်စက် (၁) စက် ရှိပြီး ငှားရမ်းလုပ်ကိုင်ကြသော တောင်သူများလည်းရှိပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် ဓါတ်တုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့်အခြားဓါတ်ဗေဒသွင်း အားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ရွှေလောင်းဈေးတွင် ဝယ်ယူ ရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်ရောင်းချနိုင်ကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင်ဂက်မွေးမြူထားသည့် အိမ်ထောင်စု(၉)အိမ်ရှိပြီး ဂက်ကောင်ရေ(၁၂)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၅၇)အိမ်ရှိပြီး ကြက်ကောင်ရေ(၃၁၂)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၁၄)အိမ်ရှိပြီး ဘဲကောင်ရေ(၇၄)ကောင် နှင့် ငါးကန်မွေးမြူသောအိမ်ထောင်စု (၂) အိမ်ထောင်စု စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့်နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများ မရှိသဖြင့်ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့် အပြင်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့်အတွေ့အကြုံအသိပညာများအားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ဂျို့ကုန်းစုကျေးရွာတွင် စိုက်ပျိုးရေး ၊မွေးမြူရေး မဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ပန်းရံ ၊ လက်သမား ၊ သင် ၊ ကွမ်းနှင့် ဈေးရောင်း ဗျက်ထိုးအစ ရှိသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား (၅၀၀၀) ကျပ် ၊ မ (၃၀၀၀) ကျပ်ရရှိပါသည်။ကျေးရွာတွင် အိမ်ထောင်စု (၃၂) အိမ်ခန့်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား၊/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတတ်မှု ဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်ပနှင့်လိုက်လျှောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတိုကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီးတစ်ကေလျှင် (၁၅၀,၀၀၀) ကျပ်နှုန်းထုတ်ချေးပေးပါသည်။အများဆုံးထုတ်ချေးငွေမှာ (၉၀၀,၀၀၀)ကျပ်ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်းဖြစ်ပြီးလတိုးဖြစ်သည်။ထုတ်ချေးသည့်ကာလမှာ (၇) လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေပမာဏအားနှစ်ရှည် (အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပေသည်။ ကျွန်ုပ်တို့ကျေးရွာတွင်အခြားသော ငွေချေးသည့်အဖွဲ့အစည်း များမရှိပါ။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ရန်ကုန်-ဝါးခယ်မ ကားလမ်းမှ ဂျို့ကုန်းစုကျေးရွာသို့ (၃) မိုင်အတိုင်းအတာရှိသောကျေးရွာချင်းဆက်လမ်းရှိပြီး ဂျို့ကုန်းစုကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းနှင့်ရေလမ်းကို အဓိကထားအသုံးပြုနိုင်ပါသည်။ကုန်းလမ်းကိုမူ ပွင့်လင်းရာသီတွင်သာ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များမှာ လှေ (၁၂)၊ စက်လှေ (၂) စီး၊ စက်ဘီး (၃၆)စီး ၊ ထော်လာဂျီ (၈) စီး နှင့် မော်တော်ဆိုင်ကယ် (၄၀) စီး ရှိပါသည်။ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်းပြီး ကွန်ကရစ်လမ်းအဖြစ်သို့ ကျေးရွာလူထုမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့်အဆင်ပြေစွာသွားလာနိုင်ရန်ဆောင်ရွက်နိုင်ခဲ့ပါသည်။မြေသားလမ်းများမှာ မိုးတွင်းကာလတွင် ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများနှင့် အခက်အခဲများ များစွာရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာအလင်းရောင်အတွက် ဖယောင်းတိုင်ကိုသာ သုံးစွဲနေရပြီး ဆိုလာမီးအလင်းကို အိမ်ခြေ (၄၄) အိမ်သာလျှင် မိမိအစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲနေပါသည်။ လျှပ်စစ်ဓာတ်အားလိုင်းမှ မဝေးကွာသော်လည်း ကုန်ကျစရိတ်များလွန်းသောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနိုင်ပါသေးသည်။ ကျေးရွာလူထုမှ လျှပ်စစ်မီးလင်းရေးကိုလည်း စိတ်ဝင်စားကြပါသည်။

(ဂ)သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၆) လုံး၊ ရေဒီယို (၃၄) လုံး ၊ တီဗွီ (၂၇) လုံး ၊ စလောင်း (၂၃) လုံး စသည်တို့မှ ဖမ်းယူရရှိသည့်အပြင် Orredoo, MPT, Mytel, Telenor ဖုန်းလိုင်းများ ရှိသည့်အတွက် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

**၆။ပညာရေး**

ဂျို့ကုန်းစုကျေးရွာတွင် အခြေခံပညာစာသင်ကျောင်းမရှိပါ။ ၀.၅ မိုင်ခန့်ကွာဝေးသော ဥတို မူလတန်းကျောင်းသို့ သွားရောက်တတ်ရောက်ကြပါသည်။ကျောင်းတွင်ဆရာ/ဆရာမ လုံလောက်စွာ ရှိပါသည်။ ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုရှိပါသည်။ အစိုးရခန့် ဆရာ (၂) ဦးနှင့် ဆရာမ (၅) ဦး ပေါင်း (၇) ခန့်ရှိပြီး ဆရာ –တပည့်အချိုးမှာ ၄၀း၁ အောက်ရှိပါသည်။အများစုမှာ မူလတန်းအထိသာပညာသင်ကြားကြပြီး စာမတတ်သူဦးရေအနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် တက္ကသိုလ်အဆင့်တတ်ရောက်သူ ကျား (၉) ဦး နှင့် မ(၁၃) ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၁၇) မိုင်ကွာဝေးသော ရွှေလောင်းကျန်းမာရေး ဆေးပေးခန်းတွင် အဓိကထား၍ သွားရောက်ပြသကြပါသည်။ရွှေလောင်းဆေးခန်းတွင် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများပေးလျှက်ရှိပါသည်။ အသေးစားကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပါသည်။ အရေးပေါ်ကိစ္စ အတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်းတွင် ကျန်းမာရေးဆေးပေးခန်းထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိခြင်းဖြင့် ကျေးရွာအတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှုများရရှိလာနိုင်မည် ဖြစ်ပါသည်။

စက်တပ်တွင်း (၃)တွင်းနှင့် လက်နှိပ်တုံကင် (၁၁) တွင်းရှိ၍ သောက်ရေအတွက် လုံလောက်မှု ရှိသော်လည်း ရေအရည်အသွေးမှာညံ့ပါသည်။ချောင်းရေကို သုံးရေအဖြစ် အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုအားလုံးမှာ ယင်ယုံအိမ်သာသုံးစွဲကြပါသည်။

ဂျို့ကုန်းစုကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များ အနည်းငယ်သာရှိပါသည်။ မိုးရာသီတွင် သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တီဘီရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊လျှာနာရောဂါနှင့် ကြက်၊ဝက် တုတ်ကွေးရောဂါများ ဖြစ်ပွားမှုရှိသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်မှာ အဓိက လိုအပ်လျက်ရှိကြောင်းသုံးသပ် ဆွေးနွေးကြပါသည်။

**၈။ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဂျို့ကုန်းစုကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား၊ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာများ မဖူလုံသည့်အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

**၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ဂျို့ကုန်းစုကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးမှာ အမျိုးသားဦးရေထက်များပါသည်။ ကောက်စိုက်ချိန်တွင်အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ခန့်ရရှိကြသည်။ ကောက်ရိတ်ချိန်တွင်အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့်ရရှိကြပါသည်။ နေ့စားအလုပ် လုပ်ကိုင် သူများမှာ ဈေးဆိုင်၊ဝန်ထမ်း၊ ပန်းရံ-လက်သမားအလုပ်သမားများအဖြစ်သွားရောက်လုပ်ကိုင်ကြ သည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊မ (၄၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၃၂)စုလုပ်ကိုင်ကြသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင်အမျိုးသမီးဦးရေမှာပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေး ဆောင်ရွက်နေသောအဖွဲ့အစည်းများတွင်အမျိုးသမီးရေးရာပါဝင်မှုနည်းပါးကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက် ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မှုအမျိုးသမီးများ၏အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေးအဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဂျို့ကုန်းစု | အခြေခံအဆောက်အအုံ | ကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁ | ကျေးလက်ဦးစီး/ပြည်သူ | |
| ၂ | ဂျို့ကုန်းစု | အခြေခံအဆောက်အအုံ | ချောင်းရေသန့်စင်စနစ်တည်ဆောက်ခြင်း | ၂ | ကျေးလက်ဦးစီး/ပြည်သူ | |
| ၃ | ဂျို့ကုန်းစု | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲတည်ဆောက်ခြင်း | ၃ | ကျန်းမာရေး/ပြည်သူ | |
| ၄ | ဂျို့ကုန်းစု | မီးလင်းရေး | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၄ | လျှပ်စစ်/ပြည်သူ | |
| ၅ | ဂျို့ကုန်းစု | စိုက်ပျိုးရေး/မွေးမြူရေး | စိုက်ပျိုးရေးနှင့်မွေးမြူရေး နည်းပညာပေးသင်တန်း | ၅ | စိုက်ပျိုးရေး/မွေးကု/ပြည်သူ | |
| ၆ | ဂျို့ကုန်းစု | ပညာရေး | မူလတန်းကျောင်းတည်ဆောက်ခြင်း | ၆ | ပညာရေး/ပြည်သူ | |

နောက်ဆက်တွဲ(၁)

# ဂျို့ကုန်းစုကျေးရွာအုပ်စု၊ဂျို့ကုန်းစုကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထွန်းရွှေ | ဦးမောင်တင် | ၁၄/ပသရ(နိုင်)၀၀၉၇၆၃ | ၆၈ | ဥက္ကဋ္ဌ | ၀၉-၇၈၄၇၄၄၁၈၄ |
| ၂ | ဦးခင်ဇော် | ဦးသောင်းဟန် | ၁၄/ပတန(နိုင်)၀၁၈၈၁၃ | ၅၄ | အတွင်းရေးမှူး | ၀၉-၇၆၆၁၄၁၉၁၇ |
| ၃ | ဦးမြသန်း | ဦးခိုင် | ၁၄/ပတန(နိုင်)၁၁၉၈၂၉ | ၆၁ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၆၀၆၉၁၃၇ |
| ၄ | ဦးကျော်မိုး | ဦးမိုးညို | ၁၄/ပတန(နိုင်)၁၁၉၆၈၃ | ၄၀ | အဖွဲ့ဝင် | |
| ၅ | ဦးအောင်အောင် | ဦးအုန်းရွှေ | ၁၄/ပတန(နိုင်)၁၃၇၁၄၂ | ၄၀ | ဥက္ကဋ္ဌ(ဝယ်ယူရေး) | |
| ၆ | ဦးမြင့်စိုး | ဦးစံသောင်း | ၁၄/ပတန(နိုင်)၀၁၉၀၀၁ | ၅၁ | အဖွဲ့ဝင် | |
| ၇ | ဦးတင်ရွှေ | ဦးဘိုကိတ် | ၁၄/ပတန(နိုင်)၀၁၉၁၀၀ | ၆၅ | အဖွဲ့ဝင် | |
| ၈ | ဦးကျော်စိန် | ဦးဘကြည် | ၁၄/ပတန(နိုင်)၂၁၄၈၈၇ | ၅၂ | အဖွဲ့ဝင် | |
| ၉ | ဒေါ်မေလွင် | ဦးမင်း | ၁၄/ပတန(နိုင်)၁၈၀၀၇၅ | ၂၆ | အဖွဲ့ဝင် | |
| ၁၀ | ဒေါ်တင်တင်ခိုင် | ဦးကျော် | ၁၄/ပတန(နိုင်)၁၁၉၈၀၈ | ၄၈ | အဖွဲ့ဝင် | |
| ၉ | ဒေါ်ရီရီချို | ဦးထွန်းမြင့် | ၁၄/ပတန(နိုင်)၁၁၉၈၄၅ | ၄၆ | စာရင်းကိုင် | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၆ | ၁၃ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၈ | ၁၃ | ၂၁ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၁၅ | ၃၂ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၃၀ | ၄၉ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၃ | ၁၄၁ | ၂၈၄ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်အို | ၂၂ | ၂၃ | ၄၅ | - | - |
| စုစုပေါင်း | | ၂၁၆ | ၂၂၈ | ၄၄၄ | - | - |
| စုစုပေါင်း အိမ်ထောင်စု | | ၉၇ အိမ်ထောင်စု | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် အိမ်ထောင်စု ( ၉၇ )အိမ်ထောင်စု ရှိပြီး စုစုပေါင်းလူဦးရေ (၄၄၄) ဦး ရှိပါသည်။ကျား (၂၁၆) ဦး နှင့် မ (၂၂၈) ဦး ရှိပြီး သက်ကြီးရွယ်အိုထက် အလုပ်လုပ်ကိုင်နိုင်သူဦးရေ က ပိုမိုများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ‌ချောစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| ၁ | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၅၂ | ၆ | ၄၈ | ၄ | ၄၂ | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၂၆ | ၅၀ | ၅ | ၂၇ | ၂၃ | ၁၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုကြေညာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၃၂ | ၅၄ | ၅ | ၂၈ | ၂၆ | ၂၄ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၉၄ | ၁၅၇ | ၁၆ | ၁၀၄ | ၅၃ | ၇၆ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**" အရေအတွက်တွင် "**မိသားစုဝင်လုပ်အား**" ထပ်မံထည့်သွင်း ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက်အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ၏ "**ကိုယ်ပိုင်လုပ်ငန်း**" တွင်ရပ်တည်

နိုင်မှု "မြင့်" ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများ နေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသဖြင့် လယ်ယာလုပ်ငန်း လုပ်ကိုင်သူ များပြားပါသည်။ ကိုယ်ပိုင်လယ်မြေမရှိသော လက်လုပ်လက်စားသမားများ လည်းရှိ၍ ရာသီအလိုက် အလုပ်လုပ်ကိုင်ကြရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၅၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ဂျို့ကုန်းစုကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသဖြင့် လယ်ယာများတွင် အငှားလုပ်ကိုင်သူ ပိုမိုများပြားပါသည်။ လုပ်အားခနှုန်းထားများမှာ ရာသီအလိုက်အမျိုးမျိုး

ကွဲပြားသော်လည်း အများအားဖြင့်လုပ်အားခ အမျိုးသား (၅၀၀၀) ကျပ် နှင့် အမျိုးသမီး (၃၀၀၀) ကျပ် ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၇၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၄ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၂၀၄ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည် မှာယခင်ကသီးစားခံ ယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် လယ်မြေ (၂၀၄) ဧက ရှိပြီး ဥယျာဉ်ခြံမြေ (၂၀) ဧကခန့်ရှိပါသည်။ အများအားဖြင့် လယ်ယာစိုက်ပျိုးခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။ ကျွန်ုပ်တို့ကျေးရွာ၏ လယ်မြေ နှင့် ဥယျာဉ်ခြံမြေတို့၏ အရည်အသွေးမှာ သင့်နေရာတွင်သာရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| က်စသည်။) | | | |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် သဲ၊ ကျောက်စရစ်အနည်းငယ်ထွက်ရှိပါသည်။ သဘာဝအပင်မျိုးစိတ် အနည်းငယ်သာ တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂ | ၂၀ | ၄၃ | ၃၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်ပြီး အဆင်ပြေသောအိမ်ထောင်စု (၂) အိမ်ထောင်စုသာ ရှိပြီး အလယ်အလတ်ရှိသောအိမ်ထောင်စု (၂၀) အိမ်ထောင်စုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ လယ်ယာမြေပိုင်ဆိုင်မှုမရှိဘဲ မပြေလည်သောအိမ်ထောင်စုမှာ (၄၃) အိမ်ထောင်စုရှိ၍ အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၃၂) အိမ်ထောင်စု ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ချမ်းသာသော အိမ်ထောင်စုထက်ဆင်းရဲ၍ မပြေလည်သောအိမ်ထောင်စုများ ပိုမိုများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၁၇ | ၆ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၁၀<br>လုပ်အားခကြိုယူ = ၁၃ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လနှင့်၆လကြား၀မ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိ၀မ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်ပ်တိုကျေးရွာတွင် ၃လအောက်၀မ်းစာဖူလုံမှုအိမ်ထောင်စု မှာ (၂၃) အိမ်ထောင်စုရှိပြီး (၆) အိမ်ထောင်စုမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ပါသည်။(၁၀) အိမ်ထောင်စုမှာ ချေးငွေရယူရပြီး (၁၃) အိမ်ထောင်စုမှာ လုပ်အားခကြိုယူ ရသော အိမ်ထောင်စုများဖြစ်ပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများနှင့် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | - | - | - | - | - | - |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | - | - | - | - | - | - |
| ၃ | မုန်တိုင်းဒီရေ | - | - | - | - | - | - |
| ၄ | ဆူနာမီ | - | - | - | - | - | - |
| ၅ | တိုင်ဖုန်းမုန်တိုင်း | - | - | - | - | - | - |
| ၆ | လေဆင်နှာမောင်း | - | - | - | - | - | - |
| ၇ | ငလျင် | ✓ | - | - | ✓ | - | - |
| ၈ | အပူလှိုင်း | - | - | - | - | - | - |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | - | - | - | - | - | - |
| ၁၀ | အအေးလှိုင်း | ✓ | - | - | ✓ | - | - |
| ၁၁ | မိုးသီးကြွေကျမှု | - | - | - | - | - | - |
| ၁၂ | မိုးခေါင်ခြင်း | - | - | - | - | - | - |
| ၁၃ | တောမီးလောင်ခြင်း | - | - | - | - | - | - |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | - | - | - | - | - | - |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | - | - | - | - | - | - |
| ၁၆ | မြေပြိုခြင်း | - | - | - | - | - | - |
